သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

# စေတီတော်တည်ထားခြင်းဆိုင်ရာ

## နဝမဟာမင်္ဂလာကမ္မအခမ်းအနားများ

# Auspicious Ceremonies of Nine Stages in Construction of Pagoda

၂၉၄.၃၅
အသည

ပုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယ တည်းဖြတ်တော်မူ၍

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ဦးအောင်သိန်းညွန့် ပြုစုထုတ်ဝေသည်။

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၁

သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

# စေတီတော်တည်ထားခြင်းဆိုင်ရာ နဝမဟာမင်္ဂလာကမ္မအခမ်းအနားများ

# Auspicious Ceremonies of Nine Stages in Construction of Pagoda

(ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယတည်းဖြတ်တော်မူသည်)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၁

ထုတ်ဝေသည့်ကာလ - ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၃၀၀၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၈၃၉
ရက်စွဲ ၁၇.၂.၁၂
သုတေသနစာကြည့်တိုက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပညာရေးအဖွဲ့ငယ်၏ ခွင့်ပြုချက်အရ

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်စွဲပါ

စာအမှတ် - ၈၀၅ / ထွက်စာ / စာပေစိစစ် / သသနဖြင့်

ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓိယ တည်းဖြတ်တော်မူ၍

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ဦးအောင်သိန်းညွန့် (မှတ်ပုံတင်အမှတ် - ၀၃၈၄၅) ဖြင့်

ပြုစုထုတ်ဝေသည်။

အတွင်း နှင့် မျက်နှာဖုံးရိုက် - ရွှေပြည့်စုံ ပုံနှိပ်တိုက်

၃၄၊ ၁၅၇ လမ်း၊

တာမွေ၊ ရန်ကုန်။

နဝမတာမင်္ဂလာကမ္ဘာအခမ်းအနားများ

# မာတိကာ

ဿဿဿဿဿ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | (က) |
| | FOREWORD | (ဂ) |
| ၁။ | မဟာမင်္ဂလာ(၁)<br>မြေသန့်မင်္ဂလာ | ၁ |
| ၂။ | မဟာမင်္ဂလာ(၂)<br>ပန္နက်တော်တင်နှင့်<br>တွင်းတော်ဝန်းမဟာမင်္ဂလာ | ၄ |
| ၃။ | မဟာမင်္ဂလာ(၃)<br>ရတနာအုတ်မြစ်တော်စီမင်္ဂလာ | ၁၃ |
| ၄။ | မဟာမင်္ဂလာ(၄)<br>သတ္တဠာနမူလဌာပနာတော်သွင်း<br>မဟာမင်္ဂလာ | ၁၆ |
| ၅။ | မဟာမင်္ဂလာ(၅)<br>အလယ်ဌာပနာတော်သွင်း<br>မဟာမင်္ဂလာ | ၂၀ |
| ၆။ | မဟာမင်္ဂလာ(၆)<br>ပန်းလည်တိုင်စိုက်ထူခြင်း<br>မဟာမင်္ဂလာ | ၂၄ |

## နဝမတာမင်္ဂလာကမ္ဘာအခမ်းအနားများ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇။ | မဟာမင်္ဂလာ(၇) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ | ၂၇ |
| ၈။ | မဟာမင်္ဂလာ(၈) ရွှေထီးတော်တင်မဟာမင်္ဂလာ | ၃၀ |
| ၉။ | မဟာမင်္ဂလာ(၉) ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ | ၃၂ |

---

10. Mahā Maṅgala (1)
Great Auspicious Event of
Ground Concecration 35
11. Mahā Maṅgala (2)
Great Auspicious Event of
Stakedriving and Hole-digging 38
12. Mahā Maṅgala (3)
Great Auspicious Event of
Cornerstone Laying 47
13. Mahā Maṅgala (4)
Great Auspicious Event of
Basic Enshrinement concerning

statuettes on the Buddha's Week-long stay each at the seven places 50

14. Mahā Maṅgala (5)
Great Auspicious Event of Middle Enshrinement 54

15. Mahā Maṅgala (6)
Great Auspicious Event of Setting up Pivot Pole 58

16. Mahā Maṅgala (7)
Great Auspicious Ceremony of Upper Enshrinement 60

17. Mahā Maṅgala (8)
Great Auspicious Ceremony of Hoisting Golden Htidaw 64

18. Mahā Maṅgala (9)
Great Auspicious Ceremony of Consecration 66

## အမှာစာ

"စာတုမဟာပထေ တထာဂတဿ ထူပေါ ကာတဗ္ဗော ဗဟုဇနဟိတာယ"

"လမ်းဆုံ လမ်းလေးခွ တွင် ဘုရားသခင်၏ စေတီတော်ကို လူအများတို့ အကျိုးစီးပွါးအလို့ငှာ တည်ထားကိုးကွယ်ရမည်"စသော ဘုရားဟော ဒေသနာတော်နှင့်အညီ ဘုရားရှင် ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ချီးမြှောက်ခြင်း ခံရသော ဆံတော်ရှင်တို့ကို တပုဿ, ဘလ္လိက မြန်မာ ဥပါသကာ ၂-ဦးတို့ ရရှိသဖြင့် ယင်းဆံတော်ရှင်တို့ကို ဌာပနာပြီးကာ ရွှေတိဂုံစေတီတော်မြတ်ကို တည်ထား ကိုးကွယ်ခဲ့လေသည်။ ယခင်စေတီငယ်ကို နောက်ပွါး ဒါယကာတို့ တထပ်ပြီးတထပ် ဝန်းပတ်မြှင့်တင် တည်ထား ခဲ့ရာ ယခု ဖူးမြင်ရသည့် ပုံတော်အထိ ၇-ထပ်ရှိပြီ-ဟု သိရှိရပါသည်။

ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် လက်ယာရံ ရှင်သာရိပုတ္တရာ, လက်ဝဲရံ ရှင်မောဂ္ဂလ္လာန် တို့၏ ဓာတ်တော်တို့ကို ဘုရားရှင်ကိုယ်တိုင်ပင် လူအများ အကျိုး စီးပွါးအတွက် တည်ထားပေးတော်မူခဲ့ပါသည်။

## နဝမဟာမင်္ဂလာကမ္ဘအခမ်းအနားများ

ယင်းစေတီတော်တည်ထုံးများ, အပဒါနပိဋကတ်တော်လာ သဲပုံစေတီ-စသည် တည်ထားပုံများ, ရှေးမဇ္ဈိမဒေသနှင့် သီရိလင်္ကာနိုင်ငံတွင် ရဟန္တာအရှင်မြတ်တို့၏ စေတီတည်ထုံးများကို စုပေါင်းယူငင်၍ မြန်မာဗုဒ္ဓဘာသာတို့ အမွန်အမြတ် ခလေ့ထုံးတမ်းနှင့် တွဲဖက်ကာ စေတီတို့ကို မြန်မာပြည်တွင် တည်ထားကိုးကွယ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

အမွန်အမြတ်ဖြစ်ပါစေရန် အလို့ငှာ နဝမဟာမင်္ဂလာကမ္ဘ(မင်္ဂလာအခမ်းအနားကြီး ၉-ရပ်)တို့ဖြင့် စနစ်တကျ တည်ထားကိုးကွယ်ပုံကို ဤစာတမ်းငယ်တွင် တွေ့မြင်ရပါ လိမ့်မည်။ ဤစာတမ်းကို ဖတ်မိလျှင် အုဋ္ဌ်ခဲလုပ် အဆောက်အဦးနှင့် စေတီတို့ မည်သို့ ကွာခြားသည်ကို အလိုလိုသိနိုင်ပါလိမ့်မည်။

ဤစာတမ်းရှင် ဦးအောင်သိန်းညွှန့်မှာ သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းအရာရှိကြီး ၁-ဦးဖြစ်ရာ စွယ်တော်မြတ်စေတီတော်, ဥပ္ပါတသန္တိစေတီတော်-စသော စေတီတော် ကြီးများ တည်ဆောက်ရာတွင် ပါဝင်ခဲ့သူ ပုဂ္ဂိုလ် ၁-ဦးဖြစ်သဖြင့် 'စေတီတော်များ တည်ဆောက်ရာတွင် အမြဲတမ်း ပါဝင်ခဲ့သူ ၁-ဦးဖြစ်သော ဦးစိုးတင့် **(မဟာသဒ္ဓမ္မဇောတိကဓဇ)'**နှင့် တွဲဖက်၍ တင်ပြပုံမှာ စေ့စပ်သေချာလှပါသည်။ ဤစာတမ်းကို ကြည့်ရှုလေ့လာထားပြီးနောက် စေတီတော်များဖူးမြင်လျှင် တည်ဆောက်စဉ်

## နဝမဟာမင်္ဂလာတမွအခမ်းအနားများ

အတိတ်က ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားကြီး ၉-မျိုးတို့ကို အလိုလိုထင်မြင်ယောင် ပေါ်ရှိလာပါလိမ့်မည်။ ဖူးမြင်ရသည်ကို ပိုမိုအားရ ကြည်ညိုရကြပါလိမ့်မည်။ ပိုမိုကြည်ညိုလေ ပိုမို၍အကျိုးများလေ ဖြစ်သဖြင့် စေတီတည်သူ ဒါယကာများနှင့် ဤစာတမ်းရှင်ပါ အားထုတ်ရကျိုးနပ်ကြပေမည်-ဟု မြော်မှန်း သာခုခေါ်ပါသည်။

ဘဒ္ဒန္တသဒ္ဒိယ
စေတီတော်များတည်ဆောက်မှုတွင်ပါဝင်သူ

ရက်စွဲ၊ ၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း (၃)ရက်
၂၀၁၀ ပြည့်နှစ်၊ ဇွန်လ (၁၄)ရက်၊ တနင်္လာနေ့

# FOREWORD

❧❧

"*Cātumahāpathe tathāgatassa thūpo Kātabbo bahujanahitāya*":

At the four-cornered junction of roads there should be built a stupa to be venerated by one and all to their great benefit, the Buddha has taught. Accordingly, two Myanmar lay disciples, named Tapussa and Ballika, who were bestowed with the Buddha's sacred hairs even in his lifetime, proceeded to erecta pagoda named Shwedagon wherein those sacred hairs were enshrined. The stupa was rebuilt again and again by later donors and the present form of it represents its seventh.

Moreover, the Buddha in his lifetime encourage to set up stupas enshrining the relics of Vens. Sāriputta and Moggallāna,

his 'right' and 'left' Chief Disciples respectively, for public veneration.

Today a great many stupas and temples of a variety of forms remain functional in Myanmar, but their origin dates back to the customs in the Buddha's lifetime, the building method of sand stupas as shown in Apadāna Pāḷi Text, and such like methods pracitsed by arahants of yore in Sri Lanka, later to be integrated and adapted and added on with local holy customs.

The final result, as shown in this booklet, is the Navamahāmaṅgala Kamma (The Nine Proceedings of Great Auspiciousness). It should now be self-evident as to the difference between a brick building and a true ceti. The presentation is correct and exact, what with its author being U Aung Thein Nyunt, a senior official of Ministry of Religious Affairs, assisted

by Mahāsaddhammajotikadhaja U Soe Tint; both are veterans with expertise in the customs of pagoda construction. After a perusal of this booklet, the reader should be seeing in his mind's eye the Nine Proceedings of Great Auspiciousness which characterized the construction of every pagoda or temple which has been erected, leading to more Buddhist conviction on his part. More conviction in one means more benefit will accrue to oneself. Thus the donor of a pagoda as well as the booklet's author would likely be satisfied with the efforts they have made. Sādu - sādu - sādu.

Baddhanta Saddhiya
Participant in ceti construction



မြေသန့်မင်္ဂလာအခမ်းအနားပြုလုပ်စဉ်

GROUN-CLEANING CEREMONY OF
THE UPPATASANTI PAGODA

နဝမဟာမင်္ဂလာကမ္မအခမ်းအနားများ

# စေတီတော်တည်ထားခြင်းဆိုင်ရာ

# နဝမဟာမင်္ဂလာကမ္မအခမ်းအနားများ

နမော သမ္မာသမ္ဗုဒ္ဓဿ

## မဟာမင်္ဂလာ(၁)

## မြေသန့်စဝ်ဃာ

လိုအပ်သောပစ္စည်းများနှင့် ကြိုတင်ပြင်ဆင်ခြင်း

(၁) အုတ်/ကျောက်တုံး/ကျောက်တိုင် ၈-ချပ်

(၂) ပရိတ်ရေအိုး ၈-လုံး

(၃) ပရိတ်ရေ

(၄) ပရိတ်ပန်း

(၅) ပရိတ်သဲ

(၆) ပရိတ်ချည်

(၇) လျှူဖွယ်ဝတ္ထု

## နဝမတာမင်္ဂလာကမ္ဘအခမ်းအနားများ

**အခမ်းအနားကျင်းပခြင်း**

(က) ရွေးချယ်သတ်မှတ်ထားသည့် မင်္ဂလာနေ့ရက်မှာ မြေသန့်မင်္ဂလာအခမ်းအနား ကျင်းပရသည်။

(ခ) အနည်းဆုံးအားဖြင့် သံဃာ(၅)ပါးပင့်ရမည်။ (သံဃာဂိုဏ်းပြည့်ရန်ဖြစ်သည်။)

(ဂ) ဘုရားဒါယကာ၊ ဥပါသကာများ သီလ ဆောက်တည်ကြရမည်။

(ဃ) နိမိတ်အုတ်နှင့်ပရိတ်ရေ စသည်ကို သံဃာတော်တို့အား အခမ်းအနားတွင် ဆက်ကပ်ရမည်။

(င) သံဃာတော်တို့ထံမှ ပရိတ်တရားများ နာယူကြရမည်။

(စ) စေတီတော်ဝတ္ထုကံမြေ၊ နယ်နိမိတ်ဆုံးရာ အရှေ့အရပ်ဒိသာမှစ၍ အရပ်ရှစ်မျက်နှာ၌ လက်ျာရစ်ပတ်ကာ နိမိတ်အုတ်နှင့် ပရိတ်ရေအိုးကို မြှုပ်နှံကာ နိမိတ်၊ အရံအတား ပြုရမည်။ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ဖြင့်လည်း အရှေ့အရပ်မှစ၍ လက်ျာရစ်ပတ်ကာ အရှေ့အရပ်ပြန်ရောက်သည်အထိ နိမိတ်ချင်း စပ်အောင် ပက်ဖျန်း ချည်နှောင်ကာ အရံအတားပြုရမည်။

(ဆ) သံဃာတော်အရှင်သူမြတ်တို့က နိမိတ်ကြားပြီးသောအခါမှာ ကမ္မဝါစာဖတ်ကာ မြေသန့်မင်္ဂလာ ပြုရပါမည်။

(၈) လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြရမည်။

(၉) "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်းလျက် မြေသန့်မင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းကြရမည်။

## မဟာမင်္ဂလာ(၂)

## ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမဟာမင်္ဂလာ

## လိုအပ်သောပစ္စည်းများနှင့် ကြိုတင်ပြင်ဆင်ခြင်း

(၁) မင်္ဂလာနေ့ရက်တစ်နေ့တည်းမှာ အခါတော် အချိန်(၂)ချိန် ရွေးထားရမည်။

(၂) ကန်တော့ပွဲ(၉)ပွဲ ပြင်ရမည်။

(က) ဘုရားပွဲ

(ခ) တရားပွဲ

(ဂ) သံဃာပွဲ

(ဃ) ရှင်ဥပဂုတ္တပွဲ

(င) သိကြားမင်းပွဲ

(စ) ဗိသုကာနတ်မင်းပွဲ

(ဆ) လောကပါလနတ်မင်းကြီးလေးပါးပွဲ

(ဇ) ရုက္ခစိုးဒေဝတာပွဲ

(ဈ) ဘုမ္မစိုးဒေဝတာပွဲ

(ည) ကုန်းမြေစောင့်နတ်မင်းပွဲ



ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားပြုလုပ်စဉ်

STAKE DRIVING AND HOLE-DIGGING CEREMONY OF THE UPPĀTASANTI PAGODA

(၃) ပန္နက်တိုင်နှင့် ပန္နက်တင်ရန် လက်ရိုက်တုတ်ပြုလုပ်ကြရမည်။

(က) မြန်မာ့ဓလေ့ထုံးတမ်းအရ တနင်္ဂနွေသား ဘုရားဒကာအတွက် စနေနံသစ်သားဖြင့် ပန္နက်တိုင်နှင့် လက်ရိုက်တုတ်ပြုလုပ်ကာ ရွှေဆေးမှုတ်ပြီး ရွှေပန္နက်နှင့် ရွှေလက်ရိုက်ဖြစ်အောင် ဖန်တီးထားရမည်။

(ခ) တနင်္လာသား ဘုရားဒကာအတွက် တနင်္ဂနွေနံသစ်သားဖြင့် ရွှေပန္နက်နှင့် ရွှေလက်ရိုက်လုပ်ထားရမည်။

(ဂ) အင်္ဂါသား ဘုရားဒကာအတွက် တနင်္လာနံသစ်သားဖြင့် ရွှေပန္နက်နှင့် ရွှေလက်ရိုက်လုပ်ထားရမည်။

(ဃ) ဗုဒ္ဓဟူးသား ဘုရားဒကာအတွက် အင်္ဂါနံသစ်သားဖြင့် ရွှေပန္နက်နှင့် ရွှေလက်ရိုက်လုပ်ထားရမည်။

(င) ကြာသပတေးသား ဘုရားဒကာအတွက် ဗုဒ္ဓဟူးနံသစ်သားဖြင့် ရွှေပန္နက်နှင့် ရွှေလက်ရိုက်လုပ်ထားရမည်။

(စ) သောကြာသား ဘုရားဒကာအတွက် ကြာသပတေးသစ်သားဖြင့် ရွှေပန္နက်နှင့် ရွှေလက်ရိုက်လုပ်ထားရမည်။

(ဆ) စနေသား ဘုရားဒကာအတွက် သောကြာနံသစ်သားဖြင့် ရွှေပန္နက်နှင့် ရွှေလက်ရိုက်လုပ်ထားရမည်။

(၄) ပန္နက်ကြိုး စီမံထားရမည်။

(၅) သံတူရွင်း (၂) ပေ (၆)လက်မခန့် အတို (၃)ချောင်းကို ရွှေဆေးမှုတ်ကာ ရွှေတူရွင်း ဖြစ်အောင် ဖန်တီးထားရမည်။

(၆) လှူဖွယ်ဝတ္ထု စီမံထားရမည်။

(၇) ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည် တို့ကို ငွေဖလားလေးလုံးဖြင့် ပန်တင့်အောင် ပြင်ဆင်ထားရမည်။

(၈) အဆောင်အညွန့်ပန်းများ စီမံထားရမည်။

(၉) နဂါးစာကျွေးရန် ထမင်းဖြူ(၉)ဆုပ်ကို အုပ်တွင် ထည့်၍ ရေသန့်ဘူးနှင့် အသင့်ပြင်ဆင်ထားရမည်။

**အခမ်းအနားကျင်းပခြင်း**

(၁) အနည်းဆုံးအားဖြင့် သံဃာ(၅)ပါး ပင့်ရမည်။

(၂) ဘုရားဒကာ၊ ဥပါသကာများ သီလ ဆောက်တည်ကြရမည်။

(၃) ပရိတ်ရေ စသည်များနှင့် ပန္နက်တော်တင်၊ တွင်းတော်ဝန်းပစ္စည်းများကို သံဃာတော်များအား အခမ်းအနားတွင် ဆက်ကပ်ရမည်။

(၄) သံဃတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားနာကြားကြရမည်။

(၅) ပရိတ်ရေစသည်များကို သံဃာတော်များထံမှ ပြန်ယူကာ ယင်းတို့ဖြင့် စေတီတည်မည့် မြေဧရိယာပတ်ပတ်လည်ကို လက်ျာရစ် လှည့်လည်ကာ ပက်ဖြန်းချည်နှောင်လျက် အရံအတား ပြုလုပ်ရမည်။

(၆) လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြရမည်။

(၇) **ပထမအခါတော်အချိန်မှာ ပန္နက်တော်တင် မင်္ဂလာပြုလုပ်ရမည်။ အခမ်းအနားမှူးက "မင်္ဂလာအခါတော်"ဟု ကြွေးကြော်လိုက်သည်**

နှင့်တပြိုင်နက်တည်းပင် ပန္နက်တော်တင်ခြင်း စတင်ရမည်-

(က) တနင်္ဂနွေသား ဘုရားဒကာအတွက် စနေသားဥပါသကာက အုန်းညွန့်ဆောင်လျက် ဥရှူတိုင်မှစ၍ လက်ျာရစ်လှည့်ကာ ပန္နက်တော်ရာကုန်အောင် ပန္နက်တော်တင်ပေးရမည်။ နတ်နေရာအရပ်ကို မျက်နှာမမူပဲ လာဘ်နေရာအရပ်ကိုသာ မျက်နှာမူလျက် ပန္နက်တော်တင်ပေးရမည်။ - ကြာသပတေးသားက သီးညွန့်၊ သီဟိုဠ်ညွန့်ဆောင်လျက် ပန္နက်ကြိုးရင်းက တင်းတင်းကိုင်ထားရမည်။ သောကြာသားက ဒန်းညွန့်၊ ထန်းညွန့်ဆောင်လျက် ကြိုးများကို တင်းတင်းဆွဲထားရမည်။ ပန္နက်ကြိုးကို မတွန့်မလိမ် မကောက် မခေါက်သွားအောင် အထူးသတိဆောင်ကာ ပန္နက်တော်တင်မင်္ဂလာ ပြုလုပ်ရပါမည်။

(ခ) တနင်္လာသား ဘုရားဒကာအတွက် တနင်္ဂနွေသား ဥပါသကာက

ကံ့ကော်ညွှန့်ဆောင်လျက် ပန္နက်တော်တင်ပေးရမည်။
- သောကြာသားက ဒန်းညွန့်ဆောင်လျက် ကြိုးရင်းကကိုင်၍ စနေသားက အုန်းညွန့်ဆောင်လျက် ကြိုးဖျားက ဆွဲသားရမည်။

(ဂ) အင်္ဂါသား ဘုရားဒကာအတွက် တနင်္လာသား ဥပါသကာက နေဇာညွှန့် ဇော်စိမ်းညွှန့် ဆောင်လျက် ပန္နက်တော်တင်ပေး ရမည်။
- စနေသားက အုန်းညွန့်ဆောင်လျက် ကြိုးရင်းကကိုင်၍ တနင်္ဂနွေသားက ကံ့ကော်ညွန့်ဆောင်လျက် ကြိုးဖျားက ဆွဲသွားရမည်။

(ဃ) ဗုဒ္ဓဟူးသား ဘုရားဒကာအတွက် အင်္ဂါသားဥပါသကာက ခရေ၊ ရွှက်လှ ညွှန့်ဆောင်လျက် ပန္နက်တော် တင်ပေးရမည်။
- တနင်္ဂနွေသားက ကံ့ကော်ညွှန့်ဆောင်လျက် ကြိုးရင်းကကိုင်၍ တနင်္လာသားက နေဇာညွှန့် ဆောင်လျက် ကြိုးဖျားက ဆွဲသွားရမည်။

(င) ကြာသပတေးသား ဘုရားဒါကာ အတွက် ဗုဒ္ဓဟူးသားဥပါသကာက သပြေညွန့်ဆောင်လျက် ပန္နက်တော် တင်ပေးရမည်။

- တနင်္လာသားက နေဇာညွန့် ဆောင်လျက် ကြိုးရင်းကကိုင်၍ အင်္ဂါသားက ခရေညွန့်ဆောင်လျက် ကြိုးဖျားက ဆွဲသွားရမည်။

(စ) သောကြာသားဘုရားဒကာ အတွက် ကြာသပတေးသား ဥပါသကာက သီးညွန့်ဆောင်လျက် ပန္နက်တော် တင်ပေးရမည်။

- အင်္ဂါသားက ခရေညွန့်ဆောင် လျက် ကြိုးရင်းကကိုင်၍ ဗုဒ္ဓဟူး သားက သပြေညွန့်ဆောင်လျက် ကြိုးဖျားကဆွဲသွားရမည်။

(ဆ) စနေသားဘုရားဒကာအတွက် သောကြာသားဥပါသကာက ဒန်းညွန့်ဆောင်လျက် ပန္နက်တော် တင်ပေးရမည်။

- ဗုဒ္ဓဟူးသားက သပြေညွန့် ဆောင်လျက် ကြိုးရင်းကိုကိုင်၍ ကြာသပတေးသားက သီးညွန့် ကိုဆောင်လျက် ကြိုးဖျားက ဆွဲသွား ရမည်။

(၈) ဒုတိယအခါတော်အချိန်မှာ တွင်းတော်ဝန်း မင်္ဂလာပြုလုပ်ရမည်-

(က) နဂါးငွေ့တန်းခေါင်းလှည့်ရာ ရှေ့ဆုံးပန္နက်နေရာမှာ တနင်္ဂနွေ သားက ကုံ့ကော်ညွှန့်ဆောင်၊ ရွှေတူရွှင်း ကိုင်လျက် လာဘ်နေဘက် မျက်နှာမူကာ အသင့်နေရာယူထားရမည်။

(ခ) နဂါးငွေ့တန်းအမြီးတည်ရာ နောက်ဆုံး ပန္နက်နေရာမှာ ရာဟုသားက သပြေညွှန့်ဆောင်၊ ရွှေတူရွှင်းကိုင် လျက် လာဘ် နေဘက်မျက်နှာမူကာ အသင့်နေရာ ယူထားရမည်။

(ဂ) နဂါးငွေ့တန်းဝမ်းဗိုက်သဖွယ် အလယ်ပန္နက် နေရာမှာ ကြာသပတေးသားက သီးညွှန့် ဆောင်၊ ရွှေတူးရွှင်းကိုင်လျက် လာဘ် နေဘက် မျက်နှာမူကာ အသင့် နေရာ ယူထားရမည်။

(ဃ) အခမ်းအနားမှူးက "မင်္ဂလာ အခါတော်"ဟု ကြွေးကြော်လိုက် သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် စတင်၍ ရွှေတူရွှင်းကို ပြိုင်တူချရ မည်။

(ဂ) ပန္နက်တိုင်ကို လက်ျာရစ်ဝန်းကာ နောက်ဆုံး ကိုးချက်မြောက်အကြိမ်မှာ ပန္နက်တိုင်ကို ကျွတ်ထွက်သွားအောင် ကော်တင်လိုက်ရမည်။

(၉) ဗဟိုပန္နက်နေရာ အရှေ့ဘက်မှာ တွင်းတူး၍ နဂါးစာကျွေးမွေးကာ ဆုတောင်းမင်္ဂလာ ပြုရမည်။

(၁၀) အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းရမည်။



ဥပ္ပါတသန္တိစေတီတော် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားပြုလုပ်စဉ်

CORNERSTONE LAYING CEREMONY OF
THE UPPĀTASANTI PAGODA

## မဟာမင်္ဂလာ(၃)

## ရတနာဒုတိယဖြစ်တော်စီစပ်ထား

လိုအပ်သောပစ္စည်းများနှင့်ကြိုတင်ပြင်ဆင်ခြင်း

(၁) နဝရတ်ကိုးသွယ် စီခြယ်ထားသည့် ငွေကြုတ် တစ်လုံး၊

(၂) ၉လက်မ×၁၈လက်မ အရွယ်ရှိ မော်ကွန်းစာ ကြေးပြား၊ ကျောက်ပြားတစ်ချပ်

(၃) ၉လက်မ×၁၈လက်မ အရွယ်ရှိ အဖုံး ကျောက်ပြား တစ်ချပ်၊

(၄) ကျောက်မျက်ရတနာစီခြယ်ထားသည့် ရွှေအုတ် ရှစ်ချပ်၊

(၅) ရွှေဒယ်နှင့် ရွှေသံလက်(၂)စုံ၊

(၆) အမွှေးနံ့သာရည် ငွေဖလား(၂)လုံး၊

(၇) အဆောင်အညွန့်ပန်းများ၊

(၈) လှူဖွယ်ဝတ္ထုပစ္စည်းများ၊

**အခမ်းအနားကျင်းပခြင်း**

(က) အခမ်းအနားဖွင့်လှစ်ခြင်း၊

(ခ) သီလခံယူဆောက်တည်ခြင်း၊

(ဂ) ပရိတ်တရားနာယူခြင်း၊

(ဃ) ရတနာကြုတ်စသည့် အုတ်မြစ်တော်များနှင့် လှူဖွယ်များကို သံဃာတော်များအား ဆက်ကပ်ခြင်း၊

(င) တရားနာ၊ ရေစက်ချ၊ အမျှဝေခြင်း၊

(စ) မင်္ဂလာအချိန်၌ အုတ်မြစ်တော်စီ မင်္ဂလာ ပြုကြရမည်-

(၁) အခမ်းအနားမှူးက "မင်္ဂလာအခါတော်" ဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်နက် အလယ်ဗဟိုချက်မှာ ရတနာ ငွေကြုတ်ကို စီသွင်းလှူဒါန်းရမည်။

- ဆက်လက်၍ မော်ကွန်းစာ ကြေးပြားကျောက်ပြားကို စီသွင်း ရမည်။

- ဆက်လက်၍ အဖုံးကျောက်ပြားကို စီသွင်း ဖုံးအုပ်ရမည်။

(၂) တနင်္လာအရပ် အုတ်မြစ်နေရာမှာ သန္တာအုတ်ကို စီးသွင်းရမည်။

(၃) တနင်္ဂလာအရပ် အုတ်မြစ်နေရာမှာ စိန်ရတနာအုတ်ကို စီသွင်းရမည်။

(၄) အင်္ဂါအရပ် အုတ်မြစ်နေရာမှာ ပုလဲရတနာအုတ်ကို စီသွင်းရမည်။

(၅) ဗုဒ္ဓဟူးအရပ် အုတ်မြစ်နေရာမှာ ကြောင်ရတနာအုတ်ကို စီသွင်းရမည်။

(၆) စနေအရပ် အုတ်မြစ်နေရာမှာ ဂေါမုတ်ရတနာအုတ်ကို စီသွင်းရမည်။

(၇) ကြာသပတေးအရပ် အုတ်မြစ်နေရာမှာ မြရတနာအုတ်ကို စီသွင်းရမည်။

(၈) ရာဟုအရပ် အုတ်မြစ်နေရာမှာ ဥဿဖရားအုတ်ကို စီသွင်းရမည်။

(၉) သောကြာအရပ် အုတ်မြစ်နေရာမှာ နီလာရတနာအုတ်ကို စီသွင်းရမည်။

(ဤ၌ အရပ်ဒေသနှင့် ရတနာအနေအထား မှာ မြန်မာ့ထုံးတမ်းအရ ဖြစ်ပါသည်)

(ဆ) အမွှေးနံ့သာရည်ဖြင့် ပဋ္ဌာန်ဖျန်းပူဇော်ရမည်။
(ဇ) အင်္ဂါတေဖြင့် ကိုယ်တိုင် အခိုင်အခံ့ပြုခဲ့ကြ ရမည်။
(ဈ) "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ရွတ်ဆို အဓိဋ္ဌာန် ပြုလျက် အခမ်းအနားသိမ်းရမည်။

## မဟာမင်္ဂလာ(၄)

## သတ္တဋ္ဌာနမူလဋ္ဌာဝနာတော်သွင်းမဟာမင်္ဂလာ

လိုအပ်သောပစ္စည်းများနှင့်ကြိုတင်ပြင်ဆင်ခြင်း

(၁) အပရာဇိတ သတ္တာဟဿ စံနေတော်မူဟန် ရုပ်တုတော်၊
(၂) အနိမိသ သတ္တာဟဿ စံနေတော်မူဟန် ရုပ်တုတော်၊
(၃) စင်္ကမ သတ္တာဟဿ စံနေတော်မူဟန် ရုပ်တုတော်၊



ဥပ္ပါတသန္တိစေတီတော် သတ္တဋ္ဌာနမူလဌာပနာသွင်းမင်္ဂလာအခမ်းအနားပြုလုပ်စဉ်

BASIC RELICS ENSHRINEMENT CEREMONY OF THE UPPĀTASANTI PAGODA

(၄) ရတနဃရ သတ္တာဟ၌ စံနေတော်မူဟန် ရုပ်တုတော်၊

(၅) အဇပါလ သတ္တာဟ၌ စံနေတော်မူဟန် ရုပ်တုတော်၊

(၆) မုစလိန္ဒ သတ္တာဟ၌ စံနေတော်မူဟန် ရုပ်တုတော်၊

(၇) ရာဇာရတန သတ္တာဟ၌ စံနေတော်မူဟန် ရုပ်တုတော်၊

(၈) မော်ကွန်းစာကို စီမံပြုလုပ်ရမည်။

ဌာပနာတိုက်အကျယ်ပမာဏအရ ဌာပနာသွင်းလိုပါက ဗုဒ္ဓဝံသအရ ဖွားတော်မူဟန်ကစ၍ ရုပ်တုတော်များကို စီရင်ရမည်။ (စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးမှတ်တမ်း၊ နှာ-၅၇ ရှု)။

## အခမ်းအနားကျင်းပခြင်း

(၉) မင်္ဂလာနေ့ရက်နှင့် အခါတော်အချိန် သတ်မှတ်ထားရမည်။

(က) အခမ်းအနားမှူးက "မင်္ဂလာ

အခါတော်" ဟုကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်နက် **အပရာဇိတ** သတ္တဟဥ္ စံနေတော်မူဟန် ရုပ်တုတော် သွင်းလျှုရမည်။

(ခ) **ဆက်လက်၍ အနိမိသ** သတ္တာဟဥ္ စံနေတော်မူဟန် ရုပ်တုတော်ကို သွင်းလျှုရမည်။

(ဂ) **စင်္ကမ** သတ္တာဟဥ္ စံနေတော် မူဟန် ရုပ်တုတော်ကို သွင်းလျှုရမည်။

(ဃ) **ရတနဃရ** သတ္တာဟဥ္ စံနေတော်မူဟန် ရုပ်တုတော်ကို သွင်းလျှုရမည်။

(င) **အဇပါလ** သတ္တာဟဥ္ စံနေတော်မူဟန် ရုပ်တုတော်ကို သွင်းလျှုရမည်။

(စ) **မုစ္ဆလိန္ဒ** သတ္တာဟဥ္ စံနေတော်မူဟန် ရုပ်တုတော်ကို သွင်းလျှုရမည်။

(ဆ) **ရာဇာယတန** သတ္တာဟဥ္ စံနေတော်မူဟန် ရုပ်တုတော်ကို သွင်းလျှုရမည်။

(၉) မော်ကွန်းစာကို သွင်းလှူရမည်။

**အမှာ။** အနိမိသ သတ္တာဟမှတစ်ပါး အခြားသော ရုပ်တုတော်များ အရှေ့ဘက်သို့သာ မျက်နှာမူထားရမည်။ အနိမိသသတ္တာဟ စံနေတော်မူဟန်မှာ ဗောဓိပင်ရှိရာ အနောက်တောင်ဘက်သို့သာ မျက်နှာမူထားရမည်။

## မဟာမင်္ဂလာ(၅)

## အထယ်ဗျာဝနာတော်သွင်းဓလာဓလ်ယာ

လိုအပ်သောပစ္စည်းများနှင့်ကြိုတင်ပြင်ဆင်ခြင်း

(၁) ခက်မင်းဖြာနှင့်ပြည့်စုံသော ငွေဟောဓိပင်တော်

(၂) ဘုရားရှင်ဓာတ်တော်များ ကိန်းဝပ်နေသည့် ငွေကြုတ်တော်၊

(၃) ကကုသန်မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်(တောင်အရပ်)

(၄) ကောဏာဂုံမြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်(အနောက်အရပ်)၊

(၅) ကဿပမြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်(မြောက်အရပ်)၊


(၆) ဂေါတမမြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်(အရှေ့အရပ်)

(၇) ဝိနယပိဋကပါဠိတော် ငွေပေလွှာ၊

(၈) သုတ္တန္တပိဋကပါဠိတော် ငွေပေလွှာ၊

(၉) အဘိဓမ္မပိဋကပါဠိတော် ငွေပေလွှာ၊

(၁၀) ရဟန္တာဓါတ်တော် ငွေကြုတ်တော်၊



ဥပ္ပါတသန္တိစေတီတော် အလယ်ဌာပနာသွင်းမင်္ဂလာအခမ်းအနားပြုလုပ်စဉ်

MIDDLE RELICS ENSHRINEMENT CEREMONY
OF THE UPPĀTASANT PAGODA

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။


(၁၁) ပရိက္ခရာရှစ်ပါးသီးထားသည့် ငွေပဒေသာ ပင်တော်၊

(၁၂) စေတီဇာတာတော်ပုံ ငွေပေလွှာနှင့် မဟာ မင်္ဂလာမော်ကွန်း ဆုတောင်းစာတို့ကို ကြိုတင်စီမံထားရမည်။

**အခမ်းအနားကျင်းပခြင်း**

(၁၃) မင်္ဂလာနေ့ရက်နှင့် အခါတော်အချိန် သတ်မှတ်ထားရမည်။

(က) အခမ်းအနားမှူးက "မင်္ဂလာအခါ တော်" ဟု ကြွေးကြော်လိုက်သည် နှင့် တစ်ပြိုင်နက် အလယ်ဗဟိုချက်မှာ ခက်မငါးဖြာနှင့် ပြည့်စုံသော ဗောဓိပင်ကို စတင်၍ ဌာပနာလိုက်ရ သည်။

(ခ) ဆက်လက်၍ ဘုရားဓါတ်တော် ငွေကြုတ်ကို ဌာပနာသွင်းလှူရမည်။

(ဂ) ကကုသန်မြတ်စွာဘုရားရုပ်ပွား ဆင်းတုတော်ကို ဗောဓိပင်ဘက်



၂၇၈၃၉

မျက်နှာမူလျက် **တောင်ဘက်**မှာ ဌာပနာသွင်းလှူရမည်။

(ဃ) **ကောဏဂုံမြတ်စွာဘုရား** ရုပ်ပွားဆင်းတုတော်ကို ဗောဓိပင်ဘက်မျက်နှာမူလျက် **အနောက်ဘက်**မှာ ဌာပနာသွင်းလှူရမည်။

(င) **ကဿပမြတ်စွာဘုရား** ရုပ်ပွားဆင်းတုတော်ကို ဗောဓိပင်ဘက်မျက်နှာမူလျက် **မြောက်ဘက်**မှာ ဌာပနာသွင်းလှူရမည်။

(စ) **ဂေါတမမြတ်စွာဘုရား** ရုပ်ပွားဆင်းတုတော်ကို ဗောဓိပင်ဘက်မျက်နှာမူလျက် **အရှေ့ဘက်**မှာ ဌာပနာသွင်းလှူရမည်။

(ဆ) **ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မပါဠိတော်** ငွေပေလွှာတို့ကို အစဉ်အတိုင်းသာ ဌာပနာသွင်းလှူရမည်။

(ဇ) **ရဟန္တာဓါတ်တော်** ငွေကြုတ်ကို ဌာပနာသွင်းလှူရမည်။

(ဈ) ငွေပဒေသာပင်ကို ဌာပနာသွင်းလှူရမည်။

(ည) စေတီတော်ဇာတာ ငွေပေလွှာကို ဌာပနာသွင်းလှူရမည်။

(ဋ) မဟာမင်္ဂလာ မော်ကွန်း ဆုတောင်းစာကို ဌာပနာသွင်းလှူရမည်။

## မဟာမင်္ဂလာ (၆)

### ပန်းလည်တိုင်စိုက်ထူခြင်းမဟာမင်္ဂလာ

လိုအပ်သော ပစ္စည်းများနှင့် ကြိုတင်ပြင်ဆင်ခြင်း

(၁) စေတီတော်၏ ဉာဏ်တော်ပမာဏ အတိုင်းအတာ အရ ပန်းလည်တိုင်ကို စီမံပြုလုပ်ထားရမည်။

(၂) နဝရတ်ကျောက်မျက်ရတနာ စီခြယ်ထားသည့် ကြေးပြား၊ ငွေပြားဖြင့် ပတ်ကာပူဇော်ထားရမည်။

(၃) မင်္ဂလာနေ့ရက်နှင့် အခါတော်အချိန် သတ်မှတ် ထားရမည်။

အခမ်းအနားကျင်းပခြင်း

(က) တနင်္ဂနွေသား ဘုရားဒကာအတွက် ကြာသပတေး သားက အရင်းပိုင်းက၊ သောကြာသားက အဖျားပိုင်းက ထမ်းလျက် စေတီတော်ပြင်မ်းထက်သို့ ပို့ဆောင်ရမည်။

(ခ) တနင်္လာသား ဘုရားဒကာအတွက် သောကြာသား က အရင်းပိုင်းက၊ စနေသားက အဖျားပိုင်းက



ဥပ္ပါတသန္တိစေတီတော် ပန်းလည်တိုင်စိုက်ထူခြင်းမင်္ဂလာအခမ်းအနားပြုလုပ်စဉ်

PIVOT POLE SETTING CEREMONY OF
THE UPPATASANT PAGODA

ထမ်းလျက် စေတီတော်ငြမ်းထက်သို့ ပို့ဆောင်ရမည်။

(ဂ) အင်္ဂါသား ဘုရားဒကာအတွက် စနေသားက အရင်းပိုင်းက၊ တနင်္ဂနွေသားက အဖျားပိုင်းက ထမ်းလျက် စေတီတော်ငြမ်းထက်သို့ ပို့ဆောင်ရမည်။


(ဃ) ဗုဒ္ဓဟူးသား ဘုရားဒကာအတွက် တနင်္ဂနွေသားက အရင်းပိုင်းက၊ တနင်္လာသားက အဖျားပိုင်းက ထမ်းလျက် စေတီတော် ငြမ်းထက်သို့ ပို့ဆောင်ရမည်။

(င) ကြာသပတေးသား ဘုရားဒကာအတွက် တနင်္လာသားက အရင်းပိုင်းက၊ အင်္ဂါသားက အဖျားပိုင်းက ထမ်းလျက် စေတီတော်ငြမ်းထက်သို့ ပို့ဆောင်ရမည်။

(စ) သောကြာသား ဘုရားဒကာအတွက် အင်္ဂါသားက အရင်းပိုင်းက၊ ဗုဒ္ဓဟူးသားက အဖျားပိုင်းက ထမ်းလျက် စေတီတော်ငြမ်းထက်သို့ ပို့ဆောင်ရမည်။

(ဆ) စနေသား ဘုရားဒကာအတွက် ဗုဒ္ဓဟူးသားက အရင်းပိုင်းက၊ ကြာသပတေးသားက အဖျားပိုင်းက ထမ်းလျက် စေတီတော်ငြမ်းထက်သို့ ပို့ဆောင်ရမည်။

(ဇ) နေရာတော်သို့ ရောက်သောအခါ အရှေ့တောင်ဘက်သို့ ပန်းလယ်တိုင်အဖျား ထိမ်းမှီကာ အဆင်သင့် ပြင်ထားရမည်။



ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာသွင်း မင်္ဂလာအခမ်းအနားပြုလုပ်စဉ်

UPPER RELICS ENSHRINEMENT CEREMONY
OF THE UPPĀTASANT PAGODA

## မဟာမင်္ဂလာ (၇)

## အထက်ဥာပနာတော်သွင်းမဟာမင်္ဂလာ

လိုအပ်သော ပစ္စည်းများနှင့် ကြိုတင်ပြင်ဆင်ခြင်း

(၁) တောင်ဘက်ဥာပနာတိုက် ဥာပနာပစ္စည်းများ

(က) ငွေဗောဓိပင်တော်၊

(ခ) ကကုသန္ဓဗုဒ္ဓဆင်းတုတော်၊

(ဂ) ဓါတ်တော်ငွေကြုတ်၊

(ဃ) ဝိနယပိဋက ငွေပေလွှာ၊

(င) ရှင်ဥပဂုတ္တရဟန္တာရုပ်တုတော်။

(၂) အနောက်ဘက်ဥာပနာတိုက် ဥာပနာပစ္စည်းများ

(က) ငွေဗောဓိပင်တော်၊

(ခ) ကောဏာဂမနဗုဒ္ဓဆင်းတုတော်

(ဂ) ဓါတ်တော်ငွေကြုတ်၊

(ဃ) သုတ္တန္တပိဋက ငွေပေလွှာ၊

(င) ရှင်မေဓရရဟန္တာရုပ်တုတော်။

(၃) မြောက်ဘက်ဌာပနာတိုက် ဌာပနာပစ္စည်းများ

(က) ငွေဗောဓိပင်တော်၊

(ခ) ကဿပဗုဒ္ဓဆင်းတုတော်၊

(ဂ) ဓါတ်တော်ငွေကြုတ်၊

(ဃ) အဘိဓမ္မာပိဋကငွေပေလွှာ၊

(င) ရှင်သာရဒတ္တရဟန္တာရုပ်တုတော်။

(၄) အနောက်ဘက်ဌာပနာတိုက် ဌာပနာပစ္စည်းများ

(က) ငွေဗောဓိပင်တော်၊

(ခ) ဂေါတမဗုဒ္ဓဆင်းတုတော်၊

(ဂ) ဓါတ်တော်ငွေကြုတ်၊

(ဃ) ဆုတောင်းစာ ငွေပေလွှာ။

(၅) မင်္ဂလာနေ့ရက်နှင့် အခါတော်အချိန်ကို သတ်မှတ်ထားရမည်။

## နဝမတာမင်္ဂလာတမ္ပအခမ်းအနားများ

**အခမ်းအနားကျင်းပခြင်း**

မင်္ဂလာအချိန်မှာ တောင်ဘက်ဌာပနာတိုက်မှ စတင်ကာ လက်ယာရစ်လှည့်ပြီး ဌာပနာ သွင်းလှူရမည်။

(၁) ငွေဗောဓိပင်ကို ရှေးဦးစွာ ဌာပနာသွင်းလှူရမည်။

(၂) ကကုသန္ဓဗုဒ္ဓဆင်းတုတော်ကို ဌာပနာသွင်းလှူရမည်။

(၃) ဓါတ်တော်ငွေကြုတ်ကို ဌာပနာသွင်းလှူရမည်။

(၄) ဝိနယပိဋကငွေပေလွှာကို ဌာပနာသွင်းလှူရမည်။

(၅) ရှင်ဥပဂုတ္တရဟန္တာ ရုပ်တုတော်ကို နောက်ဆုံးမှ ဌာပနာသွင်းရမည်။

အမှာ. . . အနောက်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက် ဌာပနာတိုက်တို့၌လည်း ထို့အတူပင် ဆက်လက်ကာ ဌာပနာသွင်းလှူရပါမည်။

## မဟာမင်္ဂလာ (၈)

## ရွှေထီးတော်တင်မဟာမင်္ဂလာ

### လိုအပ်သော ပစ္စည်းများနှင့် ကြိုတင်ပြင်ဆင်ခြင်း

(၁) စေတီတော် ဉာဏ်တော်ပမာဏနှင့် ပန်းသင့်အောင် ထီးတော်ကို စီမံထားရမည်။ ၅-ဘုံ၊ ၇-ဘုံ၊ ၉-ဘုံ ပြုလုပ်နိုင်သည်။


(၂) ငှက်မြတ်နားတော်စီမံထားရမည်။

(၃) စိန်ဖူးတော် စီမံထားရမည်။

(၄) ရွှေကြာသက်န်းစီမံထားရမည်။

(၅) သာသနာ့တော်အလံ(အသေးစား)တစ်ခု စီမံထားရမည်။

(၆) မင်္ဂလာနေ့ရက်နှင့် အခါတော်အချိန်ကို သတ်မှတ်ထားရမည်။



ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားပြုလုပ်စဉ်

GOLDEN HTIDAW HOISTING CEREMONY
OF THE UPPĀTASANT PAGODA

**ရွှေထီးတော်တင်လှူခြင်း**

(က) မင်္ဂလာအချိန်မှာ ရွှေထီးတော် ပထမဘုံဆင့်ကို စတင် တင်လှူရမည်။ ဆက်လက်၍ ဒုတိယဘုံဆင့် စသည်ကို တင်လှူရမည်။

(ခ) ငှက်မြတ်နားတော်ကို တင်လှူရမည်။

(ဂ) စိန်ဖူးတော်ကို တင်လှူရမည်။

(ဃ) ငှက်မြတ်နားနှင့် စိန်ဖူးတော်ကြားတွင် အဘိဓဇ သာသနာ့အလံကို တင်လှူရမည်။

(င) ငှက်ပျောဖူးပုံတော်တွင် ရွှေကြာသက်န်း ကပ်လှူ ထားရမည်။

**အမှာ. . .** ရွှေထီးတော်တင်ရာတွင် ဘုံစဉ် မကျော် မမှားစေရ၊ တပ်လိုက် ဖြုတ်လိုက် လုံးဝမလုပ်ရ၊ ဘုံစဉ် မမှားအောင် အထူးသတိထား၍ ဆောင်ရွက်ကြရပါမည်။

## မဟာမင်္ဂလာ (၉)

## ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ

## လိုအပ်သော ပစ္စည်းများနှင့် ကြိုတင်ပြင်ဆင်ခြင်း

(၁) မြသပိတ် (၅)လုံး
(အနေကဇာတင်မည့် နံနက်မှာ ဆွမ်းထည့်လှူရမည်။)

(၂) ပေါက်ပေါက် (၉)ပွဲ

(၃) သစ်သီးမျိုးစုံ

(၄) ယိုမျိုးစုံ

(၅) မုန့်မျိုးစုံ


(၆) အပွင့်ပန်းမျိုးစုံ

(၇) အညွန့်ပန်းမျိုးစုံ

(၈) ထီး တံခွန် ကုက္ကား မုလေးပွား
(ပန်းအိုးဖြင့် စိုက်ထားပူဇော်ရန်)

(၉) ဖယောင်းဆီမီး

(၁၀) အမွှေးနံ့သာတိုင်



ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနားပြုလုပ်စဉ်

SACRED CONSECRATION CEREMONY
OF THE UPPĀTASANTI PAGODA

(၁၁) သံဃာတော်များ အရေအတွက်အရ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် နေဇာမြက်၊ အောင်သပြေ ညွန့်တို့ကို စုစည်းကာ ပန်းစည်းများ ပြုလုပ်ထား ရပါမည်။

**အခမ်းအနားကျင်းပခြင်း**

(က) ဗုဒ္ဓါဘိသေကဌာနသို့ သံဃာတော်များအား ဖိတ်ကြား ပင့်ဆောင်ရမည်။

(ခ) တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်နှင့် အညွန့်စည်း များကို သံဃာတော်တစ်ပါးဆီသို့ ဆက်ကပ်ရမည်။

(ခ) ပရိကမ္မ ကြိုတင်ဖွယ်ကိစ္စအားလုံး ပြီးစီးပြည့်စုံ သွားပြီဖြစ်၍ သံဃာတော် အရှင်သူမြတ်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ရန် ပန်ကြား လျှောက်ထားရမည်။

(ဂ) ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီးသောအခါ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု အမိဋ္ဌာန် ပြု ရွတ်ဆိုကြလျက် အောင်မြင်စွာ သိမ်းကြရမည်။

# Auspicious Ceremonies of Nine Stages in Construction of Pagoda

Namo Sammāsambuddhassa

## Mahā Maṅgala (1)

## Great Auspicious Event of Ground Consecration

### Objects and Utensils Required

| | | |
|---|---|---|
| (1) | Brick/Stone/Stone Post | 8 Nos. |
| (2) | Paritta water pot | 8 Nos. |
| (3) | Paritta water | |
| (4) | Paritta flowers | |
| (5) | Paritta sand | |
| (6) | Paritta thread | |
| (7) | Offertories | |

## Auspicious Ceremonies of Nine Stages in Construction of Pagoda

### Ceremony Proceedings

(a) Consecration of ground to be ceremonially held on designated date.

(b) At least 5 members of saṁgha are to be invited (To have required number of Saṁgha)

(c) Donors and lay disciples (Upāsakās) are required to take precepts.

(d) The required objects and offertories must be offered to Saṁghās during the time of ceremony.

(e) Audience must listen to paritta recitation.

(f) As regards the boundary to be marked off, starting from the easternmost point in a clock- wise order, brick markers and paritta water pots are to be buried in each of the eight cardinal directions. Also starting from the east in a clockwise order, paritta water, paritta flowers and paritta sand are to be sprinkled, and paritta thread is to be tied end to end.

(g) After the participating members of Saṁgha have given introdutory remarks, the ritual Sacred Pāḷi Texts (Kammavācā) are read out within the boundary of the consecration ground (site).

(h) Offerings are presented, a congratulatary discourse given by a monk is heard, and water- pouring rite is performed for all to share the merit gained.

(i) The ceremony is concluded by reciting 'Buddha Sāsanaṁ ciraṁ tiṭṭhatu' three times.

## Auspicious Ceremonies of Nine Stages in Construction of Pagoda

**Mahā Maṅgala (2)**

**Great Auspicious Event of Stake-driving and Hole-digging**

**Objects and Utensils Required**

(1) Two propitious periods are selected for a single auspicious day.

(2) 9 recepticles containing offerings of hands of bananas, cocoṅut, etc are prepared; each for

(a) The Buddha,

(b) The Dhamma,

(c) The Saṁghā,

(d) Venerable Upagutta,

(e) Sakka,

(f) Architect-god,

(g) The four guardain gods of the world,

(h) Tree gods and

(i) Guardian gods of the earth.

(j) Soil-guardian deity.

(3) Stakes and wooden mallets are kept ready.

(a) For the sunday-born donor is made a golden stake and a golden mallet [spray-painted], while the name of wood used for these corresponds to Saturday as reckoned in Myanmar language.

(b) For the Monday-born donor is made a golden stake and a golden mallet, while the name of wood used for these corresponds to Sunday as reckoned in Myanmar language.

(c) For the Tuesday-born donor is made a golden stake and a golden mallet, while the name of wood used for these corresponds to Monday as reckoned in Myanmar language.

(d) For the Wednesday-born donor is made a golden stake and a golden mallet, while the name of wood used for these corresponds to Tuesday as reckoned in Myanmar language.

(e) For the Thursday-born donor is made a golden stake and a golden mallet, while the name of wood used for these corresponds Wednesday as reckoned in Myanmar language.

(f) For the Friday-born donor is made a golden stake and a golden mallet, while the name of wood used for these corresponds to Thursday as reckoned in Myanmar language.

(g) For the Saturday-born donor is made a golden stake and a golden mallet, while the name of wood used for these corresponds to Friday as reckoned in Myanmar language.

(4) Foundation marking string is kept ready.

(5) Three short crowbar-like tools of about 2 feets and 6 inches for digging, spray-painted golden, are kept ready.

(6) Things to be offered are prepared.

(7) Four silver bowls, each containing paritta water, paritta sand, paritta flowers, or paritta thread, are prepared in decoration.

(8) Charmed flowering-plant sprouts are prepared.

(9) A covered disk or bowl containing 9 mouthfuls of cooked rice, together with a bottle of purified drinking water, are prepared to propitiate the naga-spirit.

**Auspicious Ceremonies of Nine Stages in Construction of Pagoda**

## Ceremony Proceedings

(1) At least 5 members of the Saṁgha are to be invited.

(2) Donors and lay devotees are to take precepts.

(3) Paritta water and utensils for foundation laying and hole-digging are presented to the Saṁghas during the time of ceremony.

(4) Audience listen to Paritta discourse delivered by the Saṁghas.

(5) Pagoda site is to be fenced off, in a clock wise order, by sprinkling paritta water and tying up with paritta thread which have been taken from the members of Saṁgha.

(6) After presentation of offerings ritual of water-pouring is performed.

(7) The first part of auspicious period is designed for driving-in-the-stake event. As soon as the master of ceremonies calls out "Now's the auspicious time" the driving-in-the-stake event begins.

## Auspicious Ceremonies of Nine Stages in Construction of Pagoda

(a) For the sake of **Sunday-born donor** a Saturday-born lay devotee, with coconut palm sprout in hand, drives in the first stake at Urū post. He faces only the propitious direction, not the one where (astrologically) the naga's head is directed. This event proceeds in a clockwise manner.

A Thursday-born, with wood apple/cashew sprout in hand, holds tight the site-marking string at the starting point. This string must be pulled taut and straight most carefully by a Friday-born, with a henna/toddy palm sprout in hand, without slackening or doubling back.

(b) For the sake of Monday-born donor a Sunday-born lay devotee, with Gantgaw (Mesua ferrea) sprout in hand, drives in the stake.

The tip of the string is pulled on by a Saturday-born, with coconut palm sprout in hand, while the other end of the string is held by a Friday-born, with henna sprout in hand.

(c) For the sake of Tuesday-born donor a Monday-born lay devotee, with Nayzar (Saccharum cylindricum) Zawsein sprouts in hand, drives in the stake.

A Sunday-born, with Gantgaw sprout in hand, pulls on the tip of the string while a Saturday-born, with coconut palm sprouts in hand, holds the other end.

(d) For the sake of Wednesday-born donor a Tuesday-born lay devotee, with star flower or garden croton sprouts in hand, drives in the stake. A Monday-born, with Nayzar-grass sprouts in hand, pulls on the tip of the string while the other end is held by a Sunday-born, with Gantgaw sprouts in hand.

(e) For the sake of Thursday-born donor a Wednesday-born lay devotee, with springs of Eugenia in hand, drives in the stake.
A Tuesday-born, with star-flower sprout in hand, pulls on the tip of the string, while the other end is held by a Monday-born, with Nayzar-grass sprouts in hand.

(f) For the sake of Friday-born donor a Thursday-born lay devotee, with wood apple sprout in hand, drives in the stake.
A Wednesday-born, with sprigs of Eugenia in hand, pulls on the tip of the string, while the other end is held by a Tuesday-born, with star-flower sprouts in hand.

(g) For the sake of Saturday-born donor a Friday-born lay devotee, with henna sprouts in hand, drives in the stake.
A Thursday-born, with wood apple sprout in hand, pulls on the tip of the string, while the other end is held by a Wednesday-born, with sprigs of Eugenia in hand.

(8) **The second part of auspicious period is designated for the holy hole digging.**

(a) A Sunday-born, with Gantgaw sprouts and a golden iron bar (for digging) in hand, takes position at the foremost stake-driving point, where (astrologically) the naga's (Milky Way) head is directed. He also faces the propitious direction.

(b) A Rāhu-born (i.e. born after noon on Wednesday), with sprigs of Eugenia and a golden iron bar in hand, takes position at the last stake-driving point, where (astrologically) the naga's tail is directed. He also faces (Milky Way) the propitious direction.

(c) A Thursday-born, with wood apple sprouts and a golden iron bar in hand, takes position at central stake-driving point, which is (astrologically) like the belly of the naga (Milky Way). He also faces the propitious direction.

(d) As soon as the master of ceremonies calls out "Now's the auspicious time!" the above-mentioned three men simultaneoualy dig into the earth with their golden iron bars.

(e) They do likewise 9 times, in a clockwise order, but at the 9th digging they do so with such force that the stake is thrown off.

(9) To the east of the central stake-driving point is dug a hole whereat food for the naga-serpent is offered, and ritual prayers are uttered.

(10) The ceremony is concluded successfully.

## Auspicious Ceremonies of Nine Stages in Construction of Pagoda

### Mahā Maṅgala (3)

### Auspicious Event of Cornerstone Laying

### Objects and Utensils Required

(1) A silver casket studded with the Nine Precious Stones (ie, rubey, pearl, coral, emerald, topaz, diamond, sapphire, garnet and cat's eye).

(2) A 9″x18″ Record plate (bronze/marble)

(3) A 9″x18″ cover made of stone

(4) Gem-studded golden brick (8) Nos.

(5) Golden pan and golden trowel (2) sets

(6) Silver bowl with scented water (2) Nos.

(7) Charmed flowering-plant sprouts

(8) Articles for offering

## Auspicious Ceremonies of Nine Stages in Construction of Pagoda

### Ceremony Proceedings

(a) Ceremony opens

(b) Taking of precepts by attendees

(c) Hearing the Paritta discourse

(d) Gem Caskets and other objects concerned with cornerstone-layings and offerings are presented, to the Saṁghas

(e) Hearing sermons, water-pouring ritual and sharing of merits gained

(f) **Cornerstone-laying starts at the designated auspicious time:-**

### Mahā Maṅgala

(1) As soon as the master of ceremonies proclaims, "Now's the auspicious time!" the gem-studded silver casket is placed in offering at the centre.

The Record plate is placed

The stone cover is put in place.

(2) The Coral brick is placed at the Sunday corner which is astrologically reckoned.
(3) The Diamond brick is placed at the Monday corner which is astrologically reckoned.
(4) The Pearl brick is placed at the Tuesday corner which is astrologically reckoned.
(5) The Cat's-eye brick is placed at the Wednesday corner which is astrologically reckoned.
(6) The Garnet brick is placed at the Saturday corner which is astrologically reckoned.
(7) The Emerald brick is placed at the Thursday corner which is astrologically reckoned.
(8) The Topaz brick is placed at the Rāhu corner which is astrologically reckoned.
(9) The Sapphire brick is placed at the Friday coner which is astrologically reckoned.

(N.B The places and kinds of Gems mentioned here are reckoned in accordance with the Myanmar tradition.)

(g) Secented water is to be sprinkled on these objects.

(h) Participants personally overlay with plaster the said spots.

(i) Ceremony is brought to a conclusion by reciting "Buddhasāsanaṁ ciraṁ tiṭṭhatu" in unison.

Mahā Maṅgala (4)

Great Auspicious event of Basic Enshinement concerning statuettes on the Buddha's week-long stay each at the seven places

(1) Statuette of the Buddha during his week-long stay on the Aparājita throne (Aparājita sattāha)

(2) Statuette of the Buddha druing the week of the gazing at the throne (Animisa sattāha)

(3) Statuette of the Buddha during the week-

long stay of the Walking posture (Caṅkama sattāha)

(4) Statuette of the Buddha during his stay at the golden house through the whole week (Ratanāghara sattāha)

(5) Statuette of the Buddha during his week-long stay at Ajapāla banyan tree (Ajapāla sattāha)

(6) Statuette of the Buddha during his week-long stay inside the seven coils of Muñcalinda Nāga king (Muñcalinda sattāha)

(7) Statuette of the Buddha during his week-long stay at the Rājāyatana tree (Rājāyatana sattāha)

(8) The Record inscription is made beforehand.

If the reliquary is wide enough for extended enshrinement and if it is so wished, statuettes may depict scenes of the Buddha's life starting from the birth of Buddha according to Buddhavaṁsa Aṭṭhakathā. (See Record on Construction of the Tooth Relic Pagoda, p. 57)

Ceremony Proceedings

(9) Auspicious day and time for the ceremony are to be designated.

**Auspicious Ceremonies of Nine Stages in Construction of Pagoda**

(a) As soon as the master of ceremonies announces, "Now's the auspicious time!", the statuette depicting **Aparājita sattāha** is placed for enshrinement.

(b) Then the statuette depicting **Animisa sattāha** is placed for enshrinement.

(c) The statuette depicting **Caṅkama sattāha** is placed for enshrinement.

(d) The statuette depicting **Ratanāghara sattāha** is placed for enshrinement.

(e) The statuette depicting the **Ajapāla sattāha** is placed for enshrinement.

(f) The statuette depicting **Muñcalinda sattāha** is placed for enshrinement

(g) The statuette depicting **Rājāyatana sattāha** is placed for enshrinement

(h) The Record inscription is placed for enshrinement.

Note: All Sattāha statuettes except one face east, while the Animisa sattāha statuette faces south-west, where the bo tree stands.

## Mahā Maṅgala (5)

## Great Auspicious Event of A Middle Enshrinement

### Objects and Utensils Required

(1) The five-branched bo tree made of silver (which is suited to the area and height of the enshrinement chamber)
(2) Silver casket containing Buddha Relics
(3) Kakusandha Buddha statue (south)
(4) Koṇāgamana Buddha statue (west)
(5) Kassapa Buddha statue (north)
(6) Gotama Buddha statue (east)
(7) Thin silver sheet inscribed with some lines of Vinaya Piṭaka
(8) Thin silver sheet inscribed with some lines of Suttanta piṭaka
(9) Thin silver sheet inscribed with some lines of Abhidhamma Piṭaka
(10) Silver casket containing Arahat relics

(11) Silver 'Tree of Plenty' (stand) bearing the eight bhikkhu requisites

(12) Thin silver sheet inscribed with the pagoda's horoscope and the prayer letters on Record of the great auspicious event are to be prepared in advance.

**Ceremony Proceedings**

(13) The auspicious day and time are to be designated beforehand.

- (a) As soon as the master of ceremonies announces "Now's the auspicious time!", the five-branched bo tree made of silver is placed at the centre for enshrinement.
- (b) Then the silver casket containing Buddha Relics is placed for enshrinement.
- (c) Kakusandha Buddha statue, facing towards the bo tree, is placed to the south for enshrinement.

(d) Koṇāgamana Buddha statue, facing towards the bo tree, is placed to the west for enshrinement.

(e) Kassapa Buddha statue, facing towards the bo tree, is placed to the north for enshrinement.

(f) Gotama Buddha statue, facing towards the bo tree, is placed to the east for enshrinement.

(g) Thin silver sheets on Vinaya, Suttanta, and Abhidhamma are placed one after another in that order for enshrinement.

(h) The silver casket containing Arahat relics is placed for enshrinement.

(i) The silver Tree of plenty is placed for enshrinement.

(j) Thin silver sheet inscribed with the pagoda's horoscope is placed enshrinement.

(k) The prayer letter on the Record of the great auspicious event is placed for enshrinement.

Auspicious Ceremonies of Nine Stages
in Construction of Pagoda

## Mahā Maṅgala (6)

## Great Auspicious Event of Setting up Pivot Pole

### Objects and Utensils Required

(1) A pivot pole, which is proportionate to the height of the pagoda, is made beforehand.

(2) A thin brass silver plate studded with the nine kinds of precious stones is wrapped around the holy pivot pole.

(3) Auspicious day and time are designated beforehand.

### Ceremony Proceedings

(a) On behalf of the Sunday-born donor the pivot pole is carried onto the scaffolding, with a Thursday-born shouldering it at the lower end, and a Friday-born at the upper end.

(b) On behalf of the Monday-born donor the pivot pole is carried onto the scaffolding, with a Friday-born shouldering it at the lower end, and a Saturday-born at the upper end.

(c) On behalf of the Tuesday-born donor the pivot pole is carried onto the scaffolding, with a Saturday-born shouldering at the lower end, and a Sunday-born at the upper end.

(d) On behalf of the Wednesday-born donor the pivot pole is carried onto the scaffolding, with a Sunday-born shouldering at the lower end, and a Monday-born at the upper end.

(e) For the Thursday-born donor the pivot pole is carried onto the scaffolding, with a Monday-born shouldering it at the lower end, and a Tuesday-born at the upper end.

(f) For the Friday-born donor the pivot pole is carried onto the scaffolding, with a Tuesday-born shouldering it at the lower end, and a Wednesday-born at the upper end.

(g) For the Saturday-born donor the pivot pole is carried onto the scaffolding, with a Wednesday-born shouldering it at the lower end, and a Thursday-born at the upper end.

(h) When the pivot pole arrives at the designated place it is to be kept leaning against the scaffolding, with the upper end pointing towards south-east.

## Auspicious Ceremonies of Nine Stages in Construction of Pagoda

**Mahā Maṅgala (7)**

**Great Auspicious Ceremony of Upper Enshrinement**

**Objects and Utensils Required**

(1) Objects to be enshrined in the southern reliquary
   (a) Silver bo tree
   (b) Kakusandha Buddha statue
   (c) Silver casket containing relics
   (d) Thin silver sheet inscribed with Vinaya Piṭaka
   (e) Ven. Arahat Upagutta statue

(2) Objects to be enshrined in the western reliquary
   (a) Silver bo tree
   (b) Koṇāgamana Buddha statue
   (c) Silver casket containing relics
   (d) Thin silver sheet inscribed with Suttanta Piṭaka
   (e) Ven. Arahat Medhara statue

(3) Object to be enshrined in the northern reliquary
- (a) Silver bo tree
- (b) Kassapa Buddha statue
- (c) Silver casket containing relics
- (d) Thin silver sheet inscribed with Abhidhamma Piṭaka
- (e) Ven. Arahat Sāradatta statue

(4) Objects to be enshrined in the eastern reliquary
- (a) Silver bo tree
- (b) Gotama Buddha statue
- (c) Silver casket containing relics
- (d) Silver sheet inscribed with Prayer letters

(5) Auspicious day and time are to be designated beforehand.

**Auspicious Ceremonies of Nine Stages in Construction of Pagoda**

## Ceremony Proceedings

At the auspicious time, beginning with the southern reliquary, enshrinement proceeds in a clockwise manner.

(1) Fristly the silver bo tree is placed for enshrinement

(2) Kakusandha Buddha statue is placed for enshrinement

(3) Silver casket containing relics is placed for enshrinement

(4) Thin silver sheet inscribed with Vinaya Pitaka is placed for enshrinement

(5) Finally Ven. Arahat Upagutta statue is placed for enshrinement.

Note: In a like manner, enshrinements of objects proceed at the western, northern, and eastern reliquaries.

## Auspicious Ceremonies of Nine Stages in Construction of Pagoda

**Mahā Maṅgala (8)**

**Great Auspicious Ceremony of Hoisting Golden Htidaw**

**Objects and Utensils Required**

(1) A Htidaw (finial), of proper size in regard to the height of the pagoda, is made. It can have 5, or 7, or 9 tiers.

(2) A Sacred Vane is made

(3) A Seinphudaw (Diamond-Bud)is made.

(4) An ornamental robe is kept at the ready

(5) A small Sāsana flag is made

(6) Auspicious day and time are designated beforehand.

## Hoisting Finial

(a) At the auspicious time the first tier of the Htidaw is hoisted firstly, then the second tier and remaining ones are to be hoisted.

(b) The Sacred, Vane is hoisted and affixed

(c) The Diamond-Bud is hoisted and affixed.

(d) 'Abhidhaja Sasana' flag is attached, between the vane and the Diamond-Bud.

(e) The ornamental robe is wrapped around the plantain-bud-like part of the pagoda, as offering to the Buddha.

Note: The Htidaw tiers are to be hoisted most properly, strictly in their correct order. They are never to be fixed, or unfixed, with hesitancy.

Auspicious Ceremonies of Nine Stages
in Construction of Pagoda

**Mahā Maṅgala (9)**

**Great Auspicious Ceremony of Consecration**

**Objects and Utensils Required**

(1) Green glass alms-bowls 5 Nos.
(to be filled with alms-food on the morning of Consecration)
(2) Plates of popcorn 9 Nos.
(3) Different kinds of fruits
(4) Different kinds of jams
(5) Different kinds of sweatmeals
(6) Different kinds of flowers
(7) Different kinds of flower-plant sprouts
(8) Miniature paper umbrellas, pennants and streamers with bamboo sticks (to be put in a flower pot as an offering)
(9) Lighted candles
(10) Joss-sticks

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



(11) Miniature paper umbrellas, pennants, etc. together with Nayzer grass and Eugenia sprigs are prepared like a bundle, each for a bhikkhu present at the ceremony

**Ceremony Proceedings**

(a) The Saṁghas are welcomed to the site of Consecration ceremony.

(b) A bundle of paper umbrellas, pennants, etc, and plant sprouts is offered to each bhikkhu.

(c) As all preliminary matters have been taken care of, the Saṁghas are reverently requested to perform consecration

(d) After Consecration, the ceremony is concluded successfully by reciting "Buddhasāsanaṁ ciraṁ tiṭṭhatu" in unison.

အမွန်အမြတ်ဖြစ်ပါစေရန် အလို့ငှာ နဝမဟာ
မင်္ဂလာကမ္မ (မင်္ဂလာအခမ်းအနားကြီး ၉–ရပ်)တို့ဖြင့်
စနစ်တကျ တည်ထားကိုးကွယ်ပုံကို ဤစာတမ်းငယ်တွင်
တွေ့မြင်ရပါလိမ့်မည်။ ဤစာတမ်းကို ဖတ်မိလျှင် အုဋ္ဌ်ခဲလုပ်
အဆောက်အဦးနှင့် စေတီတို့ မည်သို့ကွာခြားသည်ကို
အလိုလိုသိနိုင်ပါလိမ့်မည်။

ရွှေသုဝဏ္ဏဆရာတော် ဘဒ္ဒန္တသဒ္ဓိယ

